


# သင်၏ ထာဝရကာလကို ဘယ်မှာကုန်ဆုံးမလဲ

# သင်၏ ထာဝရကာလကို ဘယ်မှာကုန်ဆုံးမလဲ

တစ်ခါက ကျေးရွာတွေဆီ လမ်းလျှောက်ရင်း လမ်းပျောက်သွားတဲ့ ပရောဖက်ဆာတစ်ယောက်ရှိခဲ့တယ်။ လမ်းဖြတ်ကူးရင်း ခွေးကလေးနဲ့ လမ်းလျှောက်နေတဲ့ ကလေးတစ်ယောက်ကို တွေ့ဆုံခဲ့တယ်။ `သား၊ ဒီလမ်းက ဘယ်ကို ဦးတည်နေတာလဲ` လို့ ကလေးကို မေးလိုက်တော့။ ကလေးက `မသိဘူး` လို့ ပြန်ဖြေလိုက်တယ်။ `ဒီ လမ်းက ဘယ်နေရာကိုသွားတာလဲ` လို့ ပြန်မေးလိုက်ပြန်တယ်။ `မသိဘူး` လို့ ကလေးက ပြန်ဖြေလိုက်တယ်။ `ဟိုလမ်းကော` `မသိဘူး` `ဒီလမ်းကော` `မသိဘူး`။ `တော်တော်အတဲ့ ကလေးဘဲ၊ မင်းသိတာဘာမှ မရှိ ဘူး` လို့ အံ့အားသင့်စွာ ပြောလိုက်တယ်။ ကလေးက `ဟုတ်ပြီး၊ ကျွန်တော်သိတာ တခုတော့ရှိတယ်။ ဦးလိုမျိုး လမ်းပျောက်သူတစ်ယောက်တော့မဟုတ်ဘူး` လို့ ပြန်ပြောလိုက်တော့တယ်။





မိတ်ဆွေ၊ သင့်ရဲ့ရှေ့မှာ ထာဝရဆိုတဲ့ ကာလတစ်ခု ရှိနေတယ်။ သင်ဟာ ထာဝရအသက် (သို့) ထာဝရမီးငရဲ သို့ ဦးတည်နေသည်။ `သားတော် (ယေရှု)၏ စကားသံကို ကြား၍၊ ထွက်ရမည့်အချိန်ကာလ ရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၎င်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့၎င်း ထွ

က်ရလတဲ့ (ယော ၅း၂၈၊၂၉)ဟု သမ္မာကျမ်းစာက ပြောထားပါသည်။ သင်ဘယ်နေရာကို သွားနေသလဲဆိုတာ သင်သိပါသလား။ သင့်ရဲ့ထာဝရအသက်တာကို ဘယ်နေမှာ ကုန်ဆုံးမလဲဆိုတာ သင်သိပါသလား။  ပရောဖက်ဆာလိုဘဲ ဤဘဝမှာ သင်သိတဲ့အရာတွေ များစွာ ရှိကောင်းရှိနိုင်ပါတယ်။ ဤဘဝရဲ့အကြောင်းအရာကိုလည်း သင်အများကြီးသိလိမ့်မည်။ ထိုနည်းရင်း သေပြီးတဲ့နောက်မှာ ဘယ်နေရာကို သင်ဦးတည်နေသလဲဆို သင်မရှိနိုင်ပါဘူး။






သေခြင်းတရားကို ကျွန်ုပ်တို့ မရှောင်လွှဲနိုင်ပါဘူး။ သို့သော် ကျွန်ုပ်တို့သွားရမည့် နေရာကိုတော့ ကျွန်ုပ်တို့ ရွေး ချယ်နိုင်ပါတယ်။ အသက်ရှင်ခြင်း၊ သေခြင်း၊.......တို့ကို သင်ရှေ့၌ ငါထားသည်.... အသက်တရားကို ရွေးချယ် လော့ (တရား ၃၀း၁၉). ခုချိန်မှာ သင့်ရဲ့ ကံကြမ္မာကို ပြောင်လဲချင်လျှင် သင့်ရဲ့ တည်နေရာ နှင့် ဦးတည်ချက်ကို ဘယ်လို ရှာရမယ်ဆိုတာ ဤနေရာ၌ ရှာဖွေနိုင်ပါသည်။

ဘာသာတရားကြီး နှစ်ခုထဲမှာရှိတဲ့ သေပြီးတဲ့နောက် ရှိတဲ့အရာ တစ်ခုက ကောင်းကင် (သို့) ဘုရားသခင်ရဲ့ နိုင်ငံ ပါဘဲ။ အလင်း န

င့် လှပခြင်းရဲ့နယ်မြေ၊ ပြည်စုံသော ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ဖွယ်ရာကောင်းသော နေရာအရပ်ပင်ဖြစ်ပါသည်။ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ အသက်ရှင်သော အသက်တာဖြစ်ပြီး၊ ဘုရားသခင် ကျွန်ုပ်တို့ကို ပေးတဲ့ ပျော်ရွှင်၊




ကျေနပ်နှစ်သိမ့်ခြင်းတွေအားလုံး ရှိပါတယ်။ သာမာန်လူသားအနေနှင့် အဲဒီအရာ တွေကို မသိရှိနိုင်ပါဘူး။ အဲဒီအကြောင်းနှင့် ပတ်သက်ပြီး သမ္မာကျမ်းစာက `ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကို ချစ်သောသူတို့အဘို့အလို့ငှါ၊ ဘုရားသခင် ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့် မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး`ဟု ၁ကော ၂း၉ ၌ ဖေါ်ပြထားပါသည်။ ဘုရားသခင်၏ နိုင်ငံတော် လျှို့ဝှက်ချက်များကို ဘယ်သူတွေသိနိုင်သနည်း။ `ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ် တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်




တို့အား ဘော်ပြတော်မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်းပါ၏ မဿဲ ၁၁း၂၅။ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ မဿဲ ၁၈း၃။ ချစ်သော မိတ်ဆွေ သင့်

ရဲ့ ကြီးကျယ်သော စိတ်သဘော ထားကို ဘေးဖယ်ပြီး၊ ယေရှုခရစ်တော်ထံသို့ နှိမ့်ချခြင်းဖြင့် လှည့်ပြန်လာပါ။ ထာဝရကာလမှာ သင့်အတွက် အဘယ်အရာတွေကို သိုလှောင်ထားမလဲဆိုတာကို သင်မြင်ရပါလိမ့်မယ်။ ထိုနေရာကို ဘုရားသခင်သည်လည်း သင့်ကို ပြသပါလိမ့်မည်။



အခြားသောထာဝရ နေရာတစ်ခုက ငရဲပင်ဖြစ်ပါသည်။ ယေရှုခရစ်တော်ကို ငြင်းပယ်သောသူများ ထာဝရ ကာအထိ ညှင်းပန်းနှိပ်စက်ခြင်းကိုခံရမည့် မှောင်မိုက် နေရာ၊ ဂမ်းနည်းခြင်းနေရာပင်ဖြစ်ပါသည်။ နတ်ဆိုး နှင့် သူ၏ တမန်တို့အဘို့ပြင်ဆင်သော ထာဝရမီးငရဲပင်ဖြစ်ပါသည် (မဿဲ ၂၅း၄၁)။ ငြင်းဆန်သောသူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည် အထက်ကကိုယ်ကာယ၏ အလိုသို့၎င်း၊ စိတ်၏ အလိုသို့၎င်း၊ လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူဖြစ်ကြ၏ (ဖေက် ၂း၂၊၃)။ အဓမ္မလူသည် မိမိပြုသော ဒုစရိုက်အပြစ်ဖြင့် ဘမ်မိခြင်း၊ မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကိုခံရ လိမ့်မည် (သုတ္တံ ၅း၂၂). ငရဲကို သေခြင်းဟုလည်း သိကြသည် (ဗျာ ၂၁း၈)။ အပြစ်ကြောင့် သင်ပေးဆပ်ရခြင်း ဖြစ်သည် (ရောမ ၆း၂၃)။ ဇာတိပကတိအတွေးအခေါ်များသည် သေခြင်းပင်ဖြစ်သည် (ရောမ ၈း၆)။ အပြစ်၌ ပျော်မွေ့ခြင်းသည် သေခြင်းပင်ဖြစ်သည် (၁တိ ၅း၆)။ သင့်ကို တဖြည်းဖြည်းချင်း သေခြင်းက ဂါးမျိုးနေပါသည်။



ကျွန်ုပ်တို့အတွက် သခင်ယေရှု လောကသို့ကြွဆင်းလာပြီး၊ သူ၏ အသွေးကို သွန်းလောင်းခြင်းအားဖြင့် သူ့ကို ယုံကြည်လက်ခံသောသူများသည် ထာဝရငြိမ်းတွားနေရသော နေရာမှလွတ်မြောက်ပြီး၊ ထာဝရအသက်ကို ရရှိခံစားမှာဖြစ်ပါတယ်။ သူသည် လမ်းခရီး၊ သမ္မာတရား၊ အသက်လည်းဖြစ်တော်မူ၏ (ယော ၁၄း၆)။ သားတော် ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကို မတွေ့ရ။ ထို သူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည် (ယော ၂း၃၆)။

ချစ်သောစာဖတ် မိတ်ဆွေ၊ ဤစာဖတ်တာကို ရပ်လိုက်ပြီး `ငါဘယ်နေရာသွားနေတာလဲ` `သေပြီးတဲ့ ငါဘယ်နေရာကိုရောက်မှာလဲ` လို့ ကိုယ်ကိုကိုယ် မေးစမ်းကြည့်ပါ။ ဒီနေ့ သင်မှာ မှန်ကန်တဲ့ လမ်းကြောင်းပေါ် မှာ ရောက်နေတာကို သိရှိပါ။

## ဆုတောင်းချက်-

ချစ်သောသခင်ယေရှု။ ကျွန်ုပ်၏ ကယ်တင်ပိုင်ရှင်သခင်အဖြစ် ကျွန်ုပ်လက်ခံပါ၏။ ကျွန်ုပ်၏ နှလုံးထဲသို့ ကြွဆင်းတော်မူပါ။ အကျွန်ုပ်၏ အပြစ်များလုံး သန့်ရှင်းစင်ကြယ်စေပြီး၊ ကောင်းကင် (ထာဝ ရအသက်) နှင့်ထိုက်တန်သူ ဖြစ်စေရန် ပြုလုပ်ပေးတော်မူပါ။ အာမင်

